**ABSDF**

**All Burma Students' Democratic Front**

### ကရင့်အမျိုးသားအစည်းအရုံးကြီး (KNU) ဖွဲ့စည်းတည်ထောင်ခြင်း နှစ် (၆၀) မြောက် အခမ်းအနားများသို့ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) (ကျောင်းသားတပ်မတော်) မှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

- အမျိုးသားလွတ်မြောက်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိရေး၊ အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး စသည့် နိုင်ငံရေးတိုက်ပွဲကြီးများတွင် သမိုင်းအစဉ်အလာ ကြီးမားခန့်ထည်စွာဖြင့် ရှေ့တန်းမှ ဦးဆောင်တိုက်ပွဲဝင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံးကြီး၏ လေးစားဂုဏ်ယူဖွယ် (၆၀) နှစ်မြောက် အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) (ကျောင်းသားတပ်မတော်) မှ နှစ်ထောင်းအားရ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

- ကရင့်အမျိုးသားထုလွတ်မြောက်ရေးလှုပ်ရှားမှုများအပါအဝင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် ဒီမိုကရေစီရေး တိုက်ပွဲများတွင် ကိုယ်ကျိုးစွန့် အနစ်နာခံလျက် ဂုဏ်ရောင်ထွန်းပြောင်စွာ တော်လှန်တိုက်ပွဲဝင်ခဲ့သော ကရင့်အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ကရင့်အမျိုးသားသူရဲကောင်းများအား ပထမဦးစွာ ဦးညွှတ်အလေးပြုအပ်ပါသည်။

- လက်ရှိ မြန်မာပြည်နိုင်ငံရေး ပကတိအခြေအနေတွင် ဘုံရန်သူစစ်အုပ်စုက တဘက်၊ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးက တဘက် ဖြစ်ပွားနေသော နိုင်ငံရေးပဋိပက္ခကြီးတွင် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု တည်ဆောက်ရေးနှင့် လူမျိုးပေါင်းစုံ ပြည်သူများကြား စစ်အာဏာရှင်စနစ်အား သွေးစည်းညီညွတ်စွာ လက်တွဲတိုက်ပွဲဝင်နိုင်ရေးအတွက် အစဉ်အလာ ကြီးကြီးမားမားဖြင့် ဦးဆောင်တိုက်ပွဲဝင်မှုများမှာ မြန်မာပြည်နိုင်ငံရေးသမိုင်း၏ ထင်ရှားပေါ်လွင်သော သမိုင်းစာမျက်နှာများပင် ဖြစ်ကြောင်း အလေးအနက် ဖော်ပြလိုပါသည်။

- မိမိတို့ကျောင်းသားတပ်မတော် စတင်ဖွဲ့စည်းတည်ထောင်ရာတွင်လည်း ကမကထ ဦးဆောင်ဦးရွက်ပြုခဲ့သော ကရင်အမျိုးသား အစည်းရုံးကြီး၏ တော်လှန်ရေးဂုဏ်ကျေးဇူးများအား ထာဝစဉ် ဆင်ခြင်အောက်မေ့လျက် ဂုဏ်ယူမှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

- ထို့ပြင် ယနေ့ကာလ အရေးတကြီးလိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအား ကရင့်အမျိုးသား အစည်းအရုံးကြီးက အားထုတ်ကြိုးပမ်းဆောင်ရွက်နေစဉ်မှာပင် ကရင့်အမျိုးသားအစည်းအရုံးကြီး ရင်ဆိုင်နေရသော အခက်အခဲများ၊ အတွင်းပဋိပက္ခများအား အချောမွေ့ဆုံး ပြင်ဆင်ဆောင်ရွက်နိုင်မှုများအတွက်လည်း မိမိတို့ မကဒတအနေဖြင့် စံပြုဖွယ် အမျိုးသားသွေးစည်းညီညွတ်ရေးပြယုဂ်အဖြစ် အလေးအနက်မှတ်ယူပါသည်။

- ဤနှစ် (၆၀) မြောက် သမယမှာပင် ကရင့်အမျိုးသားအစည်းအရုံးကြီးအား ဦးဆောင်မှုပေးခဲ့သော ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြ ကွယ်လွန်သွားခြင်းအတွက်လည်း ကရင့်အမျိုးသားထု၊ ကရင့်အမျိုးသားအစည်းအရုံးကြီးနှင့်အတူ မကဒတရဲဘော်များကလည်း ထပ်တူထပ်မျှကြေကွဲမဆုံးဖြစ်ရပြီး အမျိုးသားဆုံးရှုံးမှုကြီးတရပ်အဖြစ် ခံယူထားပါသည်။

- မကဒတ အနေဖြင့် ကရင့်အမျိုးသားအစည်းအရုံးကြီးနှင့်အတူ တော်လှန်ရေးခရီးရှည်ကြီးအား အောင်ပွဲရသည်အထိ ဆက်လက် လက်တွဲ တိုက်ပွဲဝင်သွားမည်ကို သွေးသစ္စာပြုရင်း ဤသဝဏ်လွှာအား ချစ်ကြည်လေးစား တန်ဖိုးထားစွာဖြင့် ပေးပို့အပ်ပါသည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)
ရက်စွဲ။ ။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၅ )ရက်